# Tech Age Girl Closing Ceremony သို့ ပေးပို့သည့်
# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင်၏
# သဝဏ်လွှာ

ကျွန်မတို့ မြန်မာနိုင်ငံအနေနဲ့ စာတတ်မြောက်မှုနှုန်း များတယ်လို့ ကိန်းဂဏန်းများက ရည်ညွှန်းနေပေမယ့် ဒီနေ့အချိန်အခါမှာ လူငယ်၊ လူကြီးတွေ စာဖတ်နှုန်း ကျဆင်းလာကြောင်း ဝမ်းနည်းဖွယ် သိရှိရပါတယ်။ ဒီအခြေအနေကို တိုးတက်ဖွံ့ဖြိုးအောင် လုပ်ဆောင်ဖို့ စာကြည့်တိုက်တွေ၊ အထူးသဖြင့် ပြည်သူ့စာကြည့်တိုက်တွေရဲ့ အခန်းကဏ္ဍဟာ လွန်စွာအရေးပါလျက် ရှိပါတယ်။ ဒီနေ့ ၂၁ ရာစု နည်းပညာခေတ်ကြီးမှာ စာပေ၊ သတင်းအချက်အလက်တွေဟာ ပုံနှိပ်ပုံစံ သာမက Digital စနစ်နဲ့ပါ ဖော်ပြလျက်ရှိရာ စာကြည့်တိုက်များကတစ်ဆင့် အချိန်နဲ့တပြေးညီ လေ့လာဖတ်ရှုနိုင်ပါက မြို့ပြ၊ ကျေးရွာ ကွာခြားမှု Digital Divide ကို လျှော့ချနိုင်မယ်လို့ ယုံကြည်ပါတယ်။ ကုလသမဂ္ဂ၏ ၂၀၃၀ ရေရှည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ (UN 2030 Sustainable Development Goals) မှာလည်း နည်းပညာနဲ့ သတင်းအချက်အလက်တွေ ရရှိရေးနဲ့ အသိပညာ ရရှိရေး တို့ဟာ လွန်စွာအရေးပါကြောင်း ဖော်ပြထားပါတယ်။

ကျွန်မတို့နိုင်ငံမှာ ကျေးရွာစာကြည့်တိုက်ပေါင်း (၆၄၀၀) ကျော်ရှိကြောင်း သိရှိရပါတယ်။ Tech Age Girl Project အနေနဲ့ မြန်မာနိုင်ငံ

အတွက် အထူးလိုအပ်နေတဲ့ ခေတ်မီစာကြည့်တိုက်တွေကို ဖော်ဆောင်ရင်း၊ အဲဒီစာကြည့်တိုက်တွေကတစ်ဆင့် ကျေးလက် အမျိုးသမီးခေါင်းဆောင် သင်တန်းဆင်း (၁၀၀) ကို မွေးထုတ်သွားနိုင်ရေး ကြိုးပမ်းသွားလိုကြောင်း သိရှိရပါတယ်။ မြန်မာနိုင်ငံရဲ့ လူဦးရေ တဝက်ကျော်ရှိတဲ့ အမျိုးသမီးတွေဟာ မိမိတို့ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ နိုင်ငံအတွက် ဦးဆောင်မှုပေးနိုင်တဲ့သူတွေဖြစ်ဖို့ အရေးကြီးပါတယ်။ မိသားစုအတွင်းမှာလည်း အနာဂတ်ကို ပိုင်ဆိုင်မယ့် ကလေးငယ်တွေရဲ့ လက်ဦးဆရာဖြစ်လို့ ပညာခေတ်နဲ့ တပြေးညီ အသိပညာ၊ ဗဟုသုတ၊ သတင်းအချက်အလက်တွေကို သိရှိကြဖို့ အရေးကြီးပါတယ်။ ဒီနေရာမှာ စာကြည့်တိုက်တွေရဲ့ အခန်းကဏ္ဍက အရေးကြီးလာပါတယ်။ စာကြည့်တိုက်တွေက ရရှိလာမယ့် ဗဟုသုတ၊ အသိပညာ၊ သတင်းအချက်အလက်တွေကို မိမိတို့ရဲ့ လူနေမှုဘဝအဆင့် အရည်အသွေး မြင့်မားလာစေရေးအတွက် လက်တွေ့အကျိုးရှိစွာ အသုံးချနိုင်ဖို့ စာကြည့်တိုက်တွေ များများစားစား ပေါ်ထွန်းလာဖို့လည်း အရေးကြီးတယ်လို့ ယူဆပါတယ်။

TAG စီမံကိန်းကြောင့် လူထုအကျိုးပြု လုပ်ငန်းများအပါအဝင် စာကြည့်တိုက်တွေရဲ့ အခန်းကဏ္ဍကို မြှင့်တင်ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ ဒီလိုလူမှုအကျိုးပြု စီမံကိန်းတွေ များများပေါ်ထွက်လာစေဖို့ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ဖြစ်တဲ့ ကျွန်မအနေနဲ့ အားပေးလိုပြီး၊ အခြားသော လူမှုအကျိုးပြု စိတ်စေတနာရှိတဲ့ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ အနေနဲ့လည်း ဝိုင်းဝန်းကူညီ ပံ့ပိုးပေးစေလိုပါ

တယ်။ TAG Project ကဲ့သို့သော လူမှုအကျိုးပြုလုပ်ငန်းများ အကောင် အထည်ဖော်နေကြတဲ့ အဖွဲ့အစည်းများအားလုံး အများအကျိုးပြု လုပ်ငန်း များ အောင်မြင်စွာ ဆောင်ရွက်နိုင်စေဖို့ ဆုမွန်ကောင်း ပို့သလိုက်ပါတယ်။

* * * * *

## Message sent by MP H.E.Daw Su Su Lwin at Tech Age Girl Closing Ceremony

Even though the literacy rate in Myanmar is high, according to the statistics, the rate of reading has been decreasing, it is learned sadly. To modify this situation, the role of the libraries, especially the people's libraries, is very important. In this 21st century of technological era, the literature and news data are not only published by the print format, but also by the digital formats too. If these information are read as soon as they are released through the libraries, we believe we can reduce the "Digital Divide" (discrepancy between cities and townships). It is stated in the United Nations' 2030 Sustainable Development Goals that, to access the technology and information, data and knowledge is of utmost importance.

It is informed that there are (6400) village libraries in our country. As for the Tech Age Girl Project, they have developed the urgently needed modern libraries and have already trained (100) women village leaders, it was learned. It is very important for the women, who are more than half the population of Myanmar, to be able to give leadership for their quarters, village, township and the country. In the family, women are first teachers for the children who will own the future. Thus it is very important for them to know the up-to-date information, knowledge and news data. Thus the role of libraries becomes very important. To make practical and effective use of these knowledge, information and news data gained from the libraries, in upgrading the quality of social levels, the emerging of many new libraries are also important.

I believe that with the help of the TAG project, we can raise the role of libraries and humanitarian works. As a member of parliament, I want to encourage the emergence of many humanitarian plans, and wish for the cooperation of either local or foreign humanitarian organizations. I pray for the success of the organizations like TAG Project which are doing the humanitarian works.